ビルマ語研修テキスト

# ビ　ル　マ　語　講　読

根本　　敬　編

東京外国語大学
アジア・アフリカ言語文化研究所
1991

# ビルマ語講読

根本　敬編

# まえがき

このテキストは、1991年度東京外国語大学アジア・アフリカ言語文化研究所主催の「夏期ビルマ語研修」のために編集した講読用の教科書である。

全体は１５課から構成されており、民話、笑い話、ことわざ、歴史教科書からの抜粋、新聞マンガ、投書欄、各種公告、論説文、軍事政権の出した命令、スー・チー女史の演説などが含まれている。

初級の学習者のことを考えて、文字の大きさはなるべく拡大して印刷したが、一部は原文のままの大きさとした。なお、出典は各課の終わりに記した。

1991年６月17日

根本　敬

(တက္ကသိုလ်ဓာနုည်အောင်)

# 目　次


| | | |
|---|---|---|
| 第１課 | 本を読もう | 1 |
| 第２課 | 息子への手紙 | 3 |
| 第３課 | コウ・ター・ノオ | 5 |
| 第４課 | おやまあ--- 亭主というものは | 7 |
| 第５課 | こりゃあ本当のことを言っとるわい | 9 |
| 第６課 | 死ぬつもりの人 | 11 |
| 第７課 | ビルマのことわざ | 13 |
| 第８課 | アノーヤター王 | 15 |
| 第９課 | 出陣式 | 17 |
| 第10課 | 新聞マンガより | 19 |
| 第11課 | 新聞投書欄より | 22 |
| 第12課 | 新聞公告より | 24 |
| 第13課 | 「民族記念日」（テイッパン・マウン・ワ） | 26 |
| 第14課 | 国家法秩序回復評議会（SLORC）命令より | 29 |
| 第15課 | アウン・サン・スー・チー女史の演説から | 32 |

第 1 課

# စာဖတ်ဒို့

ယခုအခါ စာဖတ်တတ်ပြီ။
အားလုံးကို ကျေးဇူးတင်ပါသည်။
ဆရာများကို အောက်မေ့ပါ၏။
စေတနာကို လေးစားပါသည်။
စာဆက်၍ ဖတ်ကြရမည်။
စာအုပ်များ စုဆောင်းထား၏။
ရွာလယ်၌ စာကြည့်တိုက်ဖွင့်ပြီ။
သတင်းစာ ဖတ်ရမည်။
သတင်းမျိုးစုံ ပါသည်။
ဗဟုသုတ တိုးပွားနိုင်၏။
စာပေသည် လူ့မိတ်ဆွေဖြစ်သည်။
စာဆက်ဖတ်စို့ လေ့လာစို့။

( စာဖတ်ခြင်းမြှင့်တင်ရေးစာစဉ် အဆင့်-၁ ၄၂ )



စာပေသည် လူ့မိတ်ဆွေဖြစ်သည်။

# 第 2 課

## သားထံသို့ပေးစာ


အေးမြရွာ
မင်းဘူးမြို့နယ်
၁၃၄၁ ခု၊ ပြာသိုလကွယ်နေ့

သားမောင် မောင်ထွန်းလှိုင်နှင့်သမီး

အမေ စာရေးလိုက်တယ်။
တအိမ်သားလုံး ကျန်းမာကြတယ်။
သားမောင်ရော နေကောင်းရဲ့လား။
ရွာမှာ မိုးလေကောင်းတယ်၊
စိုက်ရေးပျိုးရေး အဆင်ပြေတယ်။
လူချောတို့ကို ရှင်ပြုမယ်။
တပေါင်း လပြည့်နေ့မှာ ပြုမယ်။
သံဃာ အပါးငါးဆယ် ပင့်မယ်။
သားမောင် လာဖြစ်အောင် လာခဲ့ပါ။
သမီးနဲ့ မြေးတွေ ခေါ်ခဲ့ပါ။
ဆွေမျိုးတွေ မျှော်နေကြတယ်။
လာမယ့်နေ့ စာကြိုရေးပါ။

ကျန်းမာချမ်းသာပါစေ
အမေ ဒေါ်ပန်းအုံ

（出典 第1課に同じ）




သားမောင်ရော နေကောင်းရဲ့လား

# 第 3 課



## ကိုတာနော

ရွာတရွာတွင် ကိုတာနောခေါ် လူပျိုကြီးရှိ၏၊ သူသည်
သူတပါးအိမ်သို့ လည်ပတ်လေ့ရှိ၏။ အိမ်ရှင်၏ အလိုက်ကိုမသိဘဲ

စကားပြောလေ့ရှိ၏။ တနေ့သောအခါ အိမ်တအိမ်သို့ သွားလည်၏။ ထုံးစံအတိုင်း ညဉ့်နက်အောင် ထိုင်လေ၏။ အိမ်ရှင်မိန်းမကြီးကလည်း အိပ်ချင်လာသည်။ ပြန်အောင် သွယ်ဝိုက်ပြော၍လည်း မရ။ ကိုတာနောက စကားအမျှင်မပြတ်ချေ။

ထိုအခါ သန်းခေါင်ကြက် တွန်သံကို ကြားရသည်။ ကိုတာနောက မပြန်သေး။ အိမ်ရှင် မိန်းမကြီး စိတ်တိုလာ၏။ ''ကိုတာနော- ခုတွန်တာ ဘာကြက်လဲတော့''ဟု မေးလေ၏။ သန်းခေါင်ကြက်ဟု ဖြေစေ ချင်သည်ကို ကိုတာနော မသိ။ ထို့ကြောင့် ''စစ်တကောင်း ကြက်ကြီးပါဗျာ''ဟု ဖြေလေ၏။ အိမ်ရှင်မိန်းမကြီးက ဖွင့်ပြောရန် ဆုံးဖြတ်၏။ ''ခု တွန်တဲ့ ကြက်ဟာ အချိန်ဘယ်လောက်ရှိပြီလဲ''ဟု မေး၏။ အမေး၏ဆိုလိုချက်ကို ကိုတာနော နားမလည်။ ကြက်၏ အလေးချိန်ကို မေးသည်ဟု ထင်၏။ ထို့ကြောင့် သွက်သွက် လက်လက် ပင် ကိုတာနောက ပြန်ဖြေလေ၏။ ဖြေပုံကား ''ဒီကြက် တပိဿာခွဲတော့ ရှိမှာပေါ့'' ဟူသတည်း။

(စာဖတ်ဂိုဏ်းမြှင့်တင်ရေး စာစဉ် အမှတ်-၂၄၇)

# 第 4 課



## ဩော်....ယောက်ျား

ရွာတရွာတွင် အသက် ၄၀ ခန့်ရှိ လင်မယား ၂ ယောက် နေထိုင်ကြလေသည်။ တနေ့သော် မိန်းမဖြစ်သူသည် အပြင်းဖျားပြီး မြောသွားလေရာ သူမ၏ ယောက်ျားနှင့် ရွာသားများက သေပြီဟု ယူဆကြလေသည်။


ထိုအခါ တောရွာဓလေ့ထုံးစံအတိုင်း ဖျာဖြင့်လိပ်လျက် သင်္ချိုင်းသို့ သယ်ပိုးသွားကြ၏။ လမ်း၌ သစ်ပင်ကြီးတပင်မှ ကျနေသော သစ်ကိုင်းတခုနှင့် ဝင်တိုက်မိရာ ထိုမိန်းမမှာ ပြန်လည်၍ သတိရလာလေသည်။ ဤသို့ဖြင့် လင်မယားနှစ်ယောက်မှာ နှစ်ပေါင်းအတော်ကြာ ပေါင်းသင်းနေကြလေသည်။

တနေ့သော် မိန်းမဖြစ်သူမှာ တကယ်ပင်သေဆုံး
သွားလေရာ အသုဘချရန် ပြင်ဆင်ကြပြန်လေသည်။
ထိုအခါ လင်ယောကျ်ားဖြစ်သူက ရွာသားများအား
ပြောလိုက်သည်မှာ “ဒီတခါ သစ်ပင်မရှိတဲ့လမ်းက
သွားဟေ့” ဟူ၍ ဖြစ်သတည်း။

မလေး

( မြန်မာ့ ဂိုးဂု ဟာသ ၂း၂ )

# 第 5 課



## ဒါတော့ ဟုတ်တာပြောတာကွယ်

လူပြည်၌ မြှောက်ပင့်ပြောဆိုရာတွင် နာမည်ကြီးသောလူတယောက် သေဆုံးသွားပြီးနောက် ငရဲပြည် ယမမင်းကြီး၏နိုင်ငံသို့ ရောက်သွားလေသည်။

ထိုအခါ ယမမင်းကြီး၏ လက်အောက်ငယ်သားများက ယမမင်းကြီးအား "အရှင်ဘုရား၊ ဤလူမှာ လူပြည်၌ အလွန်မြှောက်ပင့်တတ်သော လူတယောက် **ဖြစ်ပါသည်။ သတိထား၍ စစ်ဆေးတော်မူပါဘုရား" ဟု ကြိုတင် သတိပေးထားကြ၏။**

ထိုလူကို ရွှေတော်သွင်းစေရာ ယမမင်းကြီးကို မြင်ထျှင်မြင်ချင်းပင် ထိုလူက "အင်း–ယမမင်းဆိုတာ ကြောက်စရာ အရုပ်ဆိုးဆိုးလို့ ကြားဘူးပါတယ်။ ခု တော့ ကြောက်စရာရုပ်လဲမရှိ၊ အရုပ်လဲ မဆိုးပါဘဲ လား"ဟု ပြောဆိုလိုက်စဉ် ယမမင်းကြီး၏ ငယ်သား များက "ဟောဘုရား၊ အရှင်ဘုရားကို မြှောက်နေပြီ ဘုရား"ဟု တင်လျှောက်သောအခါ ယမမင်းကြီးက "ဒါတော့ ဟုတ်တာပြောတာကွယ်"ဟု မိန့်မြွက်တော် မူသည်ဟူသတတ်။

မခင်ရွှေရီ (ဘုတလင်)

(မြန်မာ့ ဂိုးဂျ ဟာသ ၂၂)

# 第 6 課



## သေရဲသူ

ကျွန်တော်တို့ရွာတွင် ဒေါ်ရွှေနှစ်ဆိုသော မိန်းမကြီးတယောက်ရှိလေသည်။ သူ၏ ဟာသမြောက်လှသော စကားများကြောင့် သူ့ကို လူသိများကြလေသည်။

တနေ့တွင် သူယောကျ်ားနှင့်စိတ်ဆိုးပြီး ညသန်ကောင်အချိန်လောက်တွင် အိမ်မှ ထွက်သွားလေသည်။ ပါးစပ်မှလည်း "သူကိုယ်သူ မီးရှို့သေမည်၊ သင်္ချိုင်းသို့သွား၍သေမည်" ဟု ပြောဆိုကာ ထန်းလက်ကို မီးရှို့လျက် လက်တွင်ကိုင်သွားလေသည်။ အလည်ကြူးရာမှ ပြန်လာကြသော ကာလသားများ

နှင့် လမ်းတွင်တွေ့၍ "အမေနှစ်၊ အချိန်မတော် ဘယ်ကိုသွားမလို့လဲ"ဟု မေးရာ သေမလို့ဟော့၊ သေမလို့"ဟု ပြောသည်တွင် "ဒါဖြင့် ထန်းလက်ကြီး မီးရှို့ပြီး ဘာဖြစ်လို့ကိုင်လာရတာလဲ"ဟု မေးရာ "ဒါတော့ကွယ် အမေမြွေကြောက်လို့သာပ" ဟု ဖြေကြားရာ အားလုံး ရယ်မောကြရလေသည်။

ရဲမြင့်အောင် (တောင်ဥက္ကလာပ)

( မြန်မာ့ ဂိုးကျ ဟာသ ၄၂ )

# 第７課

## ビルマのことわざ

ပညာရွှေအိုး လူမခိုး

ရှမ်းကြိုက်ရင် နွားချောတယ်

ကိုယ်ထင်ရင် ခုတင်ရွှေနန်း

လယ်ထွန်သွား နွားမေ့

တပည့်မကောင်းဆရာ့ခေါင်း

ဆရာ မပြ နည်းမကျ

ကျားကြီးလျှင် ခြေရာကြီးသည်

ဥယျာဉ်မှူးကောင်းလို့ အပင်သန်တယ်

စစ်ရောက်မှ မြှားချွန်တယ်

နွားကွဲလျှင် ကျားကိုက်သည်

ဆောက်ဖြစ်မှ ကျောင်းတကာ

ရန်ကုန်မိုးနဲ့ ရန်ကုန်သူ အစိုးမရ

လမ်းမသိရင် ခွေးနောက်လိုက်

(編者の収集による)



# အနော်ရထာ

အနော်ရထာမင်းသည် ၁၀၄၄ တွင် ပုဂံထီးနန်းကို စိုးစံခဲ့သည်။ အနော်ရထာမင်းနန်းတက်ချိန်တွင် ပုဂံပြည်၏အကျယ်အဝန်းမှာ ပုဂံဝန်းကျင်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းအရပ်ဒေသသာဖြစ်သည်။ အနော်ရထာမင်းသည် မြန်မာနိုင်ငံအတွင်း အစိတ်စိတ်အမြွာမြွာကွဲနေသော ပဒေသရာဇ် နိုင်ငံငယ်များကို စုစည်း၍ တောင့်တင်းခိုင်မာသော နိုင်ငံတော်ကြီးကို ထူထောင်သည်။ ရှေးဦးစွာ ပုဂံဒေသကို အခိုင်အမာစုစည်းရေးအတွက် ပြည်တွင်းစီးပွားရေးဖူလုံမှုရှိစေရန် စတင် ဆောင်ရွက်လေသည်။ ကျောက်ဆည်နယ်တွင် တူးမြောင်းများကို စနစ်တကျ ဆည်ဖို့ပြုပြင်သည်။ ၎င်းနယ်၌ ပန်းလောင် မြစ်နှင့် ဇော်ဂျီမြစ်တို့ကို အမှီပြုကာ ဆည်ကြီးခုနစ်ဆည်ကို တူးဖော်၍ ရွာကြီးဆယ့်တစ်ရွာကို တည်သည်။

ထို့မှတပြန် တောင်တွင်းကြီး၊ ရမည်းသင်း၊ မင်းဘူး၊ မိတ္ထီလာ စသော ဒေသတို့၌ကန်၊ ချောင်း၊ ဆည်မြောင်းများစွာ ပြုစုသည်။ မိတ္ထီလာကန်ကြီးကို ပြန်လည်ပြုပြင်ပြီး ရေသွင်း၍ စိုက်ပျိုးရေးလုပ်ငန်းကို တိုးချဲ့သည်။ ဤသို့ဖြင့် ကျောက်ဆည်နယ်၊ မင်းဘူးနယ်နှင့် မိတ္ထီလာနယ်များသည် ပုဂံပြည်၏ ရိက္ခာသိုမှီးရာ စပါးကျီသဖွယ် ဖြစ်လာလေသည်။ ဤသို့ စားနပ်ရိက္ခာဖူလုံလာသောအခါ တိုင်းပြည်စီးပွားရေး တိုးတက်လာလေ

သည်။ စီးပွားရေး တိုးတက်လာသည်နှင့်အမျှ လက်မှုပညာ၊ ဗိသုကာနှင့် ယဉ်ကျေးမှုများလည်း တိုးတက်လာလေသည်။ စီးပွားရေး ခိုင်မာတောင့်တင်းလာသောအခါ နိုင်ငံစည်းရုံးရေးလုပ်ငန်းများကို စတင် လုပ်ကိုင်လေသည်။ မွန်လူမျိုးတို့ဒေသဖြစ်သော သထုံကို ချီတက်တိုက်ခိုက်ရာ အောင်မြင်လေသည်။ သထုံကိုအောင်နိုင်၍ သထုံမှ ပိဋကတ်သုံးပုံနှင့် ကျမ်းတတ်ဆရာတော်များ၊ မွန်အနုပညာရှင်များ စသည်တို့ကို ပုဂံသို့ ခေါ်ဆောင်ခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံအောက်ပိုင်းကို စစ်ရေး၊ နိုင်ငံရေးအရ စည်းရုံးသိမ်းသွင်းပြန်သည်။ အနော်ရထာမင်းကြီးသည် ရခိုင်ကိုတိုက်ခိုက်ရာ အောင်မြင်ခဲ့သည်။ ထို့ပြင် ရှမ်းပြည်ကိုလည်း စည်းရုံးနိုင်ခဲ့လေသည်။ အနော်ရထာမင်း၏ ဂုဏ်သတင်းသည် မြန်မာတနိုင်ငံလုံးအပြင် ဇင်းမယ်၊ ယိုးဒယား စသော နိုင်ငံများအထိ ပျံ့နှံ့ခဲ့လေသည်။

အနော်ရထာမင်းလက်ထက် သထုံကိုအောင်နိုင်ပြီးနောက် မြန်မာနိုင်ငံတဝန်းလုံးကို စည်းလုံးညီညွတ်စေပြီး စနစ်ကျသော အုပ်ချုပ်ရေးကို ချမှတ်နိုင်သည်။

အနော်ရထာမင်းကြီးသည် အရည်းကြီးတို့၏ မစစ်မှန်သော အယူဝါဒကို မနှစ်သက်ပေ။ ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားအောင် ဆောင်ရွက်သည်။ နိုင်ငံတခွင် လှည့်လည်ရာတွင် ရောက်လေရာအရပ်တို့၌ ဘုရားဂူကျောင်းတို့ကို အနှံ့အပြား တည်ထားတော်မူခဲ့သည်။ ထင်ရှားသောဘုရားများမှာ ပုဂံတွင် ရွှေစည်းခုံနှင့် မိတ္ထီလာနယ်ရှိ ရွှေယင်မြော်ဘုရားတို့ ဖြစ်သည်။ အနော်ရထာမင်းကြီးသည် မိမိ၏ ဘွဲ့တော်ပါသော အုတ်ခွက်ဘုရားများကို ကိုယ်တိုင်သွန်းလုပ်၍ စေတီပုထိုးများ၌ လှူဒါန်းခဲ့သည်။ ထိုအုတ်ခွက်ဘုရားများကို မြန်မာနိုင်ငံအနှံ့အပြားတွင် တွေ့ရှိရလေသည်။

အနော်ရထာမင်းကြီးသည် မြန်မာနိုင်ငံ အရှေ့မြောက်ဘက်ရှိ နန်းစောတို့၏ဘေးရန်မှ ကာကွယ်နိုင်ရန် ကင်းမြို့ ၄၃ မြို့ကို တည်တော်မူသည်။ ထို့ပြင် နိုင်ငံအတွင်း စစ်မှုထမ်းအလုံအလောက်ရရှိနိုင်ရန် ထောင်ပြုမြို့၊ ရာပြုမြို့၊ ဆယ်ပြုမြို့ စသည်ဖြင့် တည်တော်မူသည်။ စစ်တပ်ဖွဲ့စည်းရာတွင်လည်း လက်အောက်ခံ မြို့ ရွာတို့၏ အင်အားကိုလိုက်၍ အချိုးကျပါဝင်စေသည်။

အနော်ရထာမင်းကြီးသည် နိုင်ငံစည်းရုံးရာတွင် မိမိနိုင်ငံအတွင်းမှ အရည်အချင်းရှိသောသူများကို ရွေးချယ်၍ ချီးမြှင့်မြှောက်စားသည်။ ထို့ကြောင့် စွမ်းရည်သတ္တိနှင့် ပြည့်စုံသော သူရဲကောင်းများ ပေါ်ပေါက်လာသည်။ ထင်ရှားသောသူရဲကောင်းများမှာ ကျန်စစ်သား၊ ငထွေးရူး၊ လုံးလက်ဖယ်နှင့် ညောင်ဦးဖီးတို့ ဖြစ်သည်။

ဤသို့ဖြင့် အနော်ရထာမင်းကြီး၏ ဦးဆောင်မှုအောက်တွင် ပုဂံသားတို့သည် စုပေါင်းညီညွတ်စွာဖြင့် အင်အားကြီးမားသော မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့လေသည်။

(မြန်မာ့သမိုင်း ဖတ်စာ ပဉ္စမတန်း ၄၂)

第 9 課



# အောင်မြေနင်းပွဲ

နယ်ချဲ့အင်္ဂလိပ်တို့ ဖမ်းဆီးခေါ်ဆောင်သွားသဖြင့် သီပေါမင်း ပါတော်မူခဲ့ရသည်။ မြန်မာနိုင်ငံသည်လည်း လွတ်လပ်ရေး ဆုံးရှုံးခဲ့ရလေသည်။ အင်္ဂလိပ်တို့ထံမှ လွတ်လပ်ရေး ပြန်လည်ရရှိရန် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မျိုးချစ်လူငယ်များသည် ဖက်ဆစ်နှင့် ပူးပေါင်းကာ အင်္ဂလိပ်တို့ကို တိုက်ထုတ်ခဲ့ကြသည်။

ဖက်ဆစ်တို့သည် မြန်မာနိုင်ငံတွင် ခြေချခဲ့ပြီးနောက် မြန်မာတိုင်းရင်းသားတို့အား နည်းမျိုးစုံဖြင့် ညှဉ်းပန်း နှိပ်စက်ကြသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော ဗမာ့တပ်မတော်သည် ဖက်ဆစ်တော်လှန်ရေးကြီးကို ဆင်နွှဲရန် လျှို့ဝှက်စွာ စီစဉ်ခဲ့ကြသည်။ မြန်မာနိုင်ငံမှ ထွက်ပြေးသွားသော အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံတွင်းသို့ ပြန်လည် ဝင်ရောက်စပြုနေသည်။ ဗမာ့တပ်မတော်သည် ဖက်ဆစ်တော်လှန်ရေးအတွက် စစ်ကြောင်းများ ဖြန့်ထားသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းက ရန်သူကို တိုက်ရန် ဗမာ့တပ်မတော်ကို စစ်ကြောင်းဖြန့်ရမည်ဟု ဖက်ဆစ်တို့အား အကြောင်းပြလေသည်။

စစ်ရေးရှုံးနိမ့်နေသော ဖက်ဆစ်တို့က ဗိုလ်ချုပ်အောင်ဆန်း၏ အစီအစဉ်ကို လက်ခံကြသည်။ ထို့ကြောင့် ဖက်ဆစ်အာဏာပိုင်များကိုယ်တိုင် စစ်ထွက်သူများအား ချီးကျူးဂုဏ်ပြုသည့်အနေဖြင့် အောင်မြေနင်းပွဲတရပ်ကို ၁၉၄၅ မတ် ၁၇ တွင် ကျင်းပပေးခဲ့သည်။ ထိုဒိုဘိအောင်မြေမှာကား ရန်ကုန်မြို့ရှိ ယခု တော်လှန်ရေးပန်းခြံနေရာတွင် ဖြစ်သည်။ ထို ဒိုဘိအောင်မြေနင်းပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းသည် တပ်ထွက်မိန့်ခွန်းကိုပြောကြားခဲ့သည်။

ထိုတပ်ထွက်မိန့်ခွန်းမှာ ဤသို့ဖြစ်သည်။


ရဲဘော်တို့

အကျယ်ချဲ့ပြီး ရှည်ရှည်မပြောချင်ဘူး။ အခု စစ်မြေပြင်ကို ထွက်ရမယ်။ ဆင်းရဲမယ်၊ ငတ်မယ်၊ အခက်အခဲတွေနဲ့ ရင်ဆိုင်ရမယ်။ ဗမာပီပီ ဗမာ့သွေးကို ပြကြပါ။ အထက် ဗိုလ်များရဲ့အမိန့်ကို နာခံကြပါ။ အထက်ဗိုလ်တွေကလဲ သာတူညီမျှ ရဲဘော်စိတ်ထားပါ။ ရဲဘော်တို့ကို ကတိပေးထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင် ရဲဘော်တို့နှင့် အတူ ချီတက်မယ်။ ဗမာ့ရန်သူကို ချေမှုန်းကြ။ အနီးကပ်ဆုံး ရန်သူကိုရှာပြီးတိုက်ကြ။ ဒါပဲ။


ဤသို့ ရဲရဲတောက် မြွက်ကြားခဲ့သည်။ ဗမာ့တပ်မတော်သားများသည် အောင်မြေနင်းပြီးနောက် ၁၉၄၅ မတ် ၂၇ တွင် မြန်မာနိုင်ငံအဝန်း၌ ဖက်ဆစ်တို့ကို တညီတညွတ်တည်း တော်လှန်ခဲ့ကြလေသည်။


( မြန်မာ့ သမိုင်း ဖတ်စာ စတုတ္ထတန်း ၃၂ )

第１０課



ရန်ကုန်မြို့တွင်းမှာ
မီးပွိုင့်ဘယ်နှစ်ခုရှိလဲ
ဆိုတာသိလား
အပျက်မေးတာလား
အကောင်းမေးတာလား
ခင်ဗျာ..
ကာတွန်း


မေးတိုင်းပြန်မပြော.....
ပြောတိုင်းဘုဆတ်ဆတ်နဲ့....
ဆိုတာဘယ်သူတုန်းဘရဲ့.
ဘူတာကြီးက -
လက်မှတ်ရောင်းကို
ပြောတာကွ -
86.


အရက်ဆိုင်မှာ ကျုပ်အမြဲ ရှိတယ်ဗျ
ကိုယ်ပိုင်ဆေးခန်းမှာ ကျုပ်အမြဲရှိတယ် ဗျ.....
ရုံး,ဌာန,စက်ရုံ တွေမှာကျုပ်အမြဲ ရှိတယ်ဗျ...
CARTOON
စမ်းချောင်းစိုးကို






( ဗိုလ်ကထောင်သတင်းစာ 1986-87 မှ )




## ဗန္ဓုလရပ်ကွက်
## ဒုစရိုက်မှုပေါလွန်း

အယ်ဒီတာရှင်–

ကျွန်မတို့ စစ်ကိုင်းတိုင်း မြင်းမူမြို့ အမှတ် ၁နယ်မြေ ဗန္ဓုလရပ်ကွက်တွင် အရက်ပုန်းဆိုင်များ၊ ဖဲဝိုင်းများသည် အမိန့်ရသည့်အလား ပြောင် ပြောင် တင်းတင်းပြုလုပ်နေပါသည်။ ရပ်ကွက်တွင် သူခိုးထူခြင်း၊ မီးဘေးစိုးရိမ်ရခြင်း မောင်နှင့်နှမ သားနှင့်အမိ မမြင်အပ် မမြင်သင့်သည့် မြင်ကွင်းများပါ မြင်နေရပါ၍ သက်ဆိုင်ရာတို့က တာဝန်သိသိ ထိထိမိမိဖြင့် လိုအပ်သလို ထိရောက်စွာ နှိပ်ကွပ်ပေးပါရန် ဗိုလ်တထောင်မှ ဆန္ဒပြုအပ်ပါသည်။

မမြင်းမူ။

## လောင်စာဆီသိုလှောင်
## မလောင်ခင်က တား

အယ်ဒီတာခင်များ–

ကျွန်တော်များ အင်းစိန်-မြို့နယ် ရွာမအရှေ့ သီရိမင်္ဂလာလမ်းသွယ် ၁၆တွင် လမ်းမကြီးကို ကျူးကျော်ပိတ်ဆို့ကာ လောင်စာဆီများကို မှောင်ခိုသိုလှောင် ရောင်းဝယ် နေပါသည်။ ယခုလို နွေရာသီတွင် မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် အရေးကြုံလျှင် မီးသတ်ကားများ ဝင်ထွက်သွားလာနိုင်ရန်အတွက် လမ်းမကြီး ပြန်လည်ဖွင့်ရေးကို သက်ဆိုင်ရာတို့က အရေးယူဆောင်ရွက်ပေးပါရန် ဗိုလ်တထောင်မှ အကြံပြုအပ်ပါသည်။

မောင်မောင်ရွာမ။




## ရုပ်ရှင်လက်မှတ်မှောင်ခိုလို့နေ
## အကျင့်ပျက်ဝန်ထမ်းအရေးယူစေလို

အယ်ဒီတာခင်များ–

ကျောက်ပန်းတောင်းမြို့ ဝင်းဝင်းရုပ်ရှင်ရုံတွင် ရုပ်ရှင်ဇာတ်ကားကောင်းများ ပြသည့်အခါ လက်မှတ်ရောင်းသူ ဝန်ထမ်းများနှင့် မှောင်ခိုများသည် အပေးအယူလုပ်ကာ လက်မှတ်များကို အဆမတန်ဈေးကြီးကြီးဖြင့် ရောင်းချနေပါသည်။ ရုပ်ရှင်ကြည့်ချင်သူများအတွက် အခက်အခဲများနှင့် ကြုံရပါသည်။ မှန်မှန်ကန်ကန်ဖြစ်စေရေးအတွက် သက်ဆိုင်ရာမှ လိုအပ်သလို အရေးယူပေးပါရန် ဗိုလ်ထောင်မှ ဆန္ဒပြုအပ်ပါသည်။ ရုပ်ရှင်ချစ်သူ။

မိတ္ထီလာမြို့တွင်လည်း ရုပ်ရှင်လက်မှတ်မှောင်ခိုသမားများသည် အုပ်စုဖွဲ့ကာ သောင်းကျန်း၍ နေပါသည်။ တာဝန်ကျ ပြည်သူ့ရဲများကလည်း ၎င်းတို့နှင့် ပူးပေါင်းကာ အပေးအယူလုပ်နေပါသည်။ မှောင်ခိုအားပေးရာရောက်နေပါသည်။ သက်ဆိုင်ရာမှ လက်မှတ်မှောင်ခိုများနှင့် အကျင့်ပျက်ဝန်ထမ်းများအား ထိရောက်ပြတ်သားစွာ အရေးယူပေးပါရန် ဗိုလ်တထောင်ပေးစာအခန်းမှ ရင်ဖွင့်အပ်ပါသည်။ ရုပ်ရှင်ကြိုက်သူ။

## စာတိုက်ဝန်ထမ်းတာဝန်မကျေ စာလည်းမဝေ

အယ်ဒီတာခင်များ–

ရှမ်းပြည်နယ် ရွှေညောင်မြို့ စာတိုက်သည် ၎င်းတို့ထံရောက်ရှိလာသောစာများကို အိမ်တိုင်ရာရောက် မြန်မြန်ဝေမပေးပါ။ စာတိုက်တွင် သာထားပါသည်။ သွားမေးလျှင် မရှိဘူး၊ မသိဘူးဟုသာ ဖြေပါသည်။ မှတ်ပုံတင်ပို့လုပ်ပြီး စာထည့်သော်လည်း မရောက်ပါ။ လုပ်သား ပြည်သူများအတွက် ငြိုငြင်သောအနေဖြင့် အဆိုပါ ရွှေညောင်စာတိုက်မှ တာဝန်မကျေ ဝန်ထမ်းများအား လိုအပ်သလို ပြုပြင်ပေးပါရန် ဗိုလ်တထောင်မှ တင်ပြအပ်ပါသည်။

တောင်ပေါ်မှရှမ်းကလေး။

( ဗိုလ်တထောင် သတင်းစာ ၁၉၄၆-၄၇ ၅၂ )

## 第１２課

# 新聞の公告欄より

သတိပေးကြေညာခြင်း၊

၁၅-၁၁-၈၆ နေ့တွင် ကျွန်တော်နှင့် တရားဝင်လက်ထပ်ထားသောအုတ်ဖို မြို့နယ် လက်ပတောရွာနေ အဖ ဦးသာထွန်းအောင်၏သမီး မစန်းစန်းအေးသည် မိဘများထံ ပြန်သွားသည်မှာ ယနေ့အထိ ပြန်မလာသဖြင့် ဖြားယောင်း၍ သွေးဆောင် လက်ခံထားသူများအား တရားဥပဒေအရ အရေးယူမည် ဖြစ်ကြောင်း သတိပေး ကြေညာအပ်ပါသည်။

မောင်ဝင်းနိုး(မစန်းစန်းအေး၏ခင်ပွန်း၊ မင်းလှမြို့၊ ပဲခူးတိုင်း)

---

### စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ် ၂၁၅၊ ရွှေဂုံတိုင်အလယ်ပိုင်း ဗဟန်းနေ
ဦးလှကြိုင်-ဒေါ်ထွေးမေ (သိမ်ကြီးဈေး D ရုံ)တို့၏ သားကြီး
မောင်နေဝင်း 3rd. Year (Eco.), P.M.G.(Special Class)
Franco Shipping Co. Greece
နှင့်
ရန်ကုန်မြို့၊ ကမာရွတ် ဆင်ရေတွင်း၊ အင်းစိန်လမ်း၊ အမှတ် ၁၆၂ နေ
ဦးဘညွန့်-ဒေါ်ခင်လှ (သိမ်ကြီးဈေး D ရုံ)တို့၏ သမီး
မမြင့်မြင့်ကြည်(ခ)မသီတာ
တို့သည် (၃၀-၁၁-၈၆)တနင်္ဂနွေနေ့တွင် နှစ်ဖက်သောမိဘဆွေမျိုးမိတ်သင်္ဂဟများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့် မောင်နေဝင်း-မသီတာ။

---

### ငွေရတု မင်္ဂလာ

ပါပါ ဦးသိန်းကျော် (အကောက်ခွန်) နှင့် မေမေဒေါ်အုန်းအုန်း တို့၏ (၆-၁၂-၈၆) နေ့တွင်ကျရောက်သော (၂၅) နှစ်မြောက် မင်္ဂလာခရီးမှသည် နှစ်တစ်ရာတိုင်ပါစေ။ ချစ်သားသမီးများ၊

ကိုကိုကျော်၊ ချိုချိုကျော်၊ မောင်မောင်ကျော်၊ နိုင်နိုင်ကျော်၊
(ဝင်ဒါမီယာ)

---

### အမည်ပြောင်းခြင်း

အဖ ဦးမြင့်သိန်း၏ သမီး မဝိုင်းလက် (PBDN-002819) အား မသင်းလဲ့ထွေးဟု ခေါ်ပါရန်။

မသင်းလဲ့ထွေး။

---

### အမည်ပြောင်းခြင်း

မလှိုင် အထက အင်္ဂမတန်းမှ မတင်အေးကြည်(မှတ်ပုံတင်အမှတ် (MHLG-027109)အား မအေးမင်းသန့်ဟုခေါ်ပါရန်။

အေးမင်းသန့်၊

## အမြန်ပြန်လာပါ

ကျော်ကျော်ဦး
မင်းစာမေးပွဲအောင်တယ်။
ဖေဖေ အားလုံးခွင့်လွှတ်သည်။
အမြန်ပြန်လာပါ။

ဦးညိမ်းမောင်

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မခိုင်ခိုင်သင်း [AMA ၁၂၈၃၈၄] သည် မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သွားပါသဖြင့် ယနေ့မှစပြီး အမွေစားအမွေခံ သမီး အဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း။

ဦးမြေအေး–ဒေါ်ကြည်ကြည်
တမာကုန်းရပ်၊ အမရပူရမြို့။



## ကင်ဆာရောဂါ ပျောက်ပါပြီ

အပူရှိက အအေးရှိသည်၊ဒုက္ခရှိက သုခရှိသည်၊အမှားရှိက အမှန်ရှိသည်၊ သံသရာရှိက နိဗ္ဗာန်ရှိသည်၊ ရောဂါရှိက ဆေးရှိသည်။

(မြန်မာပြည် ဆရာဦးရွှေမြ)

ကင်ဆာအထူးကုဆေးတိုက်၊အမှတ်၉၃၊ဦးချစ်မောင်လမ်း၊ ၅၀ရာလစ်ရပ်ကွက်၊ ရန်ကုန်။

မှန်ပါသည်။ ကျွန်မတွင် ရင်သားကင်ဆာရောဂါကို ဆရာဦးရွှေမြ ဆေးကုသပေး၍ အမှန်ပင်ပျောက်ကင်းပါသည်။ စမ်းစမ်းရီ – ခြံအမှတ်၂၆၆၊ ပလတ်စတစ်စက်ရုံ(၂)၊ အောင်ဇမ္ဗူရိပ်သာလမ်း၊ သမိုင်း၊ ရန်ကုန်။

## အလိုရှိသည်

Brotherသိုးမွေးထိုးစက်ကို ကျွမ်းကျင်စွာ ထိုးတတ်သောအမျိုးသမီးတစ်ဦး အမြန်အလိုရှိသည်။ စုံစမ်းရန်
၁၂၉၊ဗဟိုရုံ၊
ဗိုလ်ချုပ်အောင်ဆန်းဈေး။

## ကျေးဇူးဆပ်ပါမည်

လှည်းတန်းမှတ်တိုင်၌ မောင်မျိုးမြင့် (TDU-007545)ကတ်ပြားနှင့်ကားလိုင်စင်ပါ အိတ်တစ်ခုကျပျောက်ပါသည်။ တွေ့ရှိသူများ ဒေါ်ရီရီလေး သုနာပြုနည်းပြ၊ ကလေးဆေးရုံဟောင်းသို့ ပြန်ပို့ပေးပါက ကျေးဇူးဆပ်ဝါမည်။

(ဗိုလ်ကထောက် သတင်းစာ 1986-87 မှ)

## အမျိုးသားနေ့

(သိပ္ပံမောင်ဝ)

ကျွန်ုပ်တို့၏ အမျိုးသားနေ့သည် ဤစာစောင်အတွင်း ကျရောက်နေသောကြောင့် ဤစာစောင်တွင် အမျိုးသားနေ့ အကြောင်းကို ရေးသား ဖေါ်ပြလိုပေသည်။ ဤအမျိုးသားနေ့ စတင်ပေါ်ပေါက်ထွန်းကားလာသည်မှာ ရန်ကုန် ယူနီဗာစီတီကျောင်းကို သပိတ်မှောက်သောကိစ္စကြီးပေါ် ပေါက်ပြီးမှ ဖြစ်လေသည်။ အဘယ်သို့ ဤအမျိုးသားနေ့ ထွန်းကားလာပုံ အကြောင်းကို အနည်းငယ် အကျယ်ချဲ့၍ ရေးသားရပေဦးမည်။

လွန်ခဲ့သော အနှစ် ၂၀ ခန့် အခါကပင် မြန်မာပြည်တွင် အမျိုးသားနေ့တနေ့ ရှိသင့်ကြောင်းကို သတင်းစာများတွင် ရေးသူက ရေး၊ တိုင်းရေးပြည်ရေး အသင်း အစည်းအဝေးပွဲများတွင် ပြောသူက ပြောကြလေသည်။သို့သော် လူအများကမူကား အမှုမဲ့ အမှတ်မဲ့သာ နေကြလေသည်။ ယူနီဗာစီတီကျောင်းကို သပိတ်မှောက်ပြီးနောက်မှ ဤကိစ္စမှာ အရေးကြီး၍ လာပြန်လေသည်။ ပြည်လုံးကျွတ် အစည်းအဝေးပွဲကြီးများမှာပင် စတင် ဆွေးနွေးစပြုလာကြလေသည်။

အမျိုးသားနေ့တနေ့ ရှိသင့်ကြောင်းကိုကား အားလုံးကပင် သဘောတူကြလေပြီ။ သို့သော် မည်သည့်နေ့ကို အမျိုးသားနေ့ဟူ၍ ဆုံးဖြတ်ရန်ကား မလွယ်ကူပေ။ ထင်မြင်ချက် အမျိုးမျိုး ပေးကြကုန်၏။ သတင်းစာများတွင် အမျိုးမျိုး ရေးသားကြကုန်၏။

အချို့က သီပေါမင်းနန်းကျသောနေ့ကို အမျိုးသားနေ့ဟူ၍ ဆုံးဖြတ်ရန် သဘောတူကြ၏။ အမျိုးသား ဦးဘိုးကျားတို့ လူစုကမူကား သဘောမတူကြချေ။ သီပေါမင်း နန်းကျသောနေ့မှာ မြန်မာရာဇဝင်တွင် ထင်ရှားသောနေ့ဖြစ်သော်လည်း မြန်မာများအတွက် အမင်္ဂလာနေ့ဖြစ်သောကြောင့် ထိုနေ့ကို အမျိုးသားနေ့ဟူ၍ အသိအမှတ်ပြုရန် မသင့်ဟု ဆိုကြလေသည်။ ဦးဘိုးကျားတို့၏ သဘောကား ရန်ကုန် ယူနီဗာစီတီကျောင်းအား သပိတ်မှောက်သောနေ့ကို အမျိုးသားနေ့ဟူ၍အသိအမှတ်ပြုချင်ကြလေသည်။ထိုနေ့ကား တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့တည်း။ ဤအကြောင်းနှင့်ပတ်သက်၍ သတင်းစာများတွင်၎င်း၊ အသင်းအစည်းအဝေးပွဲများတွင်၎င်း၊ အတော်ကြာအောင်ပင် ဆွေးနွေးကြလေသည်။ နောက်ဆုံးတွင်ကား ပြည်လုံးကျွတ် အစည်းအဝေးပွဲကြီးတွင် တန်ဆောင်မုန်း လဆုတ် ၁၀ ရက်နေ့ကို အမျိုးသားနေ့ဟု အသိအမှတ်ပြုရန်ဆုံးဖြတ်လိုက်လေသတည်း။

အမျိုးသားနေ့ကိုကား ရပေပြီ။ ထိုနေ့တွင် မည်သို့ ဆောင်ရွက်မည်ကို စဉ်းစားကြရပြန်၏။ အမျိုးသား ကျောင်းဆရာ၊ ကျောင်းသားအပေါင်းတို့သည် အမျိုးသားနေ့နံနက်တွင် မိမိတို့မြို့ရှိ ဘုရားများသို့ သွားကာ ဝတ်ပြုကြခြင်း၊ မိမိတို့ ကျောင်းများတွင် ဆီမီးပူဇော်ကြခြင်း၊ ဆုပေးပွဲများ ကျင်းပကြခြင်းတို့ဖြင့် အောင်ပွဲခံကြလေသည်။ ဤသို့ ဆောင်ရွက်ကြသော်လည်း အစဖြစ်နေသောကြောင့် များစွာ စိတ်ပါလှကြသည်မဟုတ်ပေ။ ဝတ်ကြေဝတ်ကုန်သာလျှင် ဆောင်ရွက်ကြလေသည်။

ထိုနောက် အောင်ပွဲကျင်းပရာတွင် တနှစ်ထက်တနှစ် ပိုမိုစည်ကား၍ လာလေသည်။ ယခုအခါတွင်ကား အမျိုးသားနေ့တွင် တနိုင်ငံလုံးကပင် ပါဝင်ကူညီကြလေပြီ။ ယခင်နှစ်က မြန်မာပြည်တပြည်လုံးရှိ ကျောင်းတိုင်းကိုပင် ပိတ်ပေးလေသည်။အမျိုးသားကျောင်းသား၊ အစိုးရကျောင်းသား ဟူ၍ မခြားနားတော့ဘဲ ကျောင်းသားအားလုံး၊ ရဲအဖွဲ့၊ မီးသတ်အဖွဲ့၊ ခြေလျင်အဖွဲ့ စကောက်အဖွဲ့မှစ၍ အဖွဲ့အသီးသီးတို့ပါ အမျိုးသားအောင်ပွဲတွင် ပါဝင်ဆောင်ရွက်ကြလေသည်။

ဤကဲ့သို့ အမျိုးသားနေ့တွင် အက အခုန်များဖြင့် ဘုရားများသို့ သွားခြင်း၊ဘုရားရင်ပြင်တွင် စကားပြောပွဲများကို ကျင်းပခြင်း၊ ပွဲလမ်းသဘင်တို့ကို ခင်းကျင်းခြင်းတို့မှာ ကောင်းသောအချက်များပင် ဖြစ်ပါသည်။ သို့ရာတွင် ထိုနေ့တွင် သူတကာသွားသောကြောင့် သွားပြီးလျှင် သူတကာ ပြောသောကြောင့်ပြောကာ၊ သူတကာ နားထောင်သကဲ့သို့ နားထောင်ပြီးနောက် အိမ်ပြန်ရောက်သောအခါ မေ့ပစ်လိုက်ကြသူတို့သာ များလေသည်။ ဤသို့မဖြစ်စေသင့်ပေ။ ထိုနေ့တွင် အောက်ပါအတိုင်း ဆင်ခြင်စဉ်းစားသင့်ကြပေသည်။

လွန်ခဲ့သောအမျိုးသားနေ့မှ ယခု အမျိုးသားနေ့အထိ တနှစ်အတွင်း မိမိတို့အမျိုးသားအတွက်၊ မိမိတို့စာပေအတွက်၊ မိမိတို့တိုင်းပြည်အတွက် မည်၍မည်မျှ ဆောင်ရွက်ခဲ့ပါသနည်း။ မိမိတို့သည် ထိုတနှစ်အတွင်း အပြောသမားများ ဖြစ်ခဲ့ကြပါသလော။ အလုပ်သမားများ ဖြစ်ခဲ့ကြပါသလော။ မိမိတို့ ဆောင်ရွက်သောကြောင့် မည်မျှ အကျိုးထူးခဲ့ပါသနည်း။

ဤသို့ တွေးတောဆင်ခြင်ပြီးနောက် ရှေးအဖို့ ဆောင်ရွက်ဖွယ် ကိစ္စတို့ကို စဉ်းစားကြည့်ကြပါဦး။ လွန်ခဲ့သည့်နှစ်က မိမိတို့သည် အပြောသမားများဖြစ်ခဲ့ကြပါအံ့၊ ရှေ့နှစ်အဖို့ အလုပ်သမားများဖြစ်ရန် ဆုံးဖြတ်သင့်ကြပေ၏။ ယခုအခြေအနေထက် တိုးတက်အောင် ဆောင်ရွက်မည်၊ ရှေ့နှစ်အဖို့ ဤအမှု ဤအမှုတို့ကို ဆောင်ရွက်မည် စ။

( " သိပ္ပံမောင်ဝ ၏ ခေတ်စမ်းစာပေ အတွေး အမြင် "
(1966 ရန်ကုန် ပေပေါ်ဦး စာပေဖြန့်ချိရေး) ၂၂ )

# နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု
# တည်ဆောက်ရေး အဖွဲ့ ဖွဲ့စည်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်

**အမိန့်အမှတ် ၁ / ၈၈**

၁၃၅၀ ပြည့်နှစ် တော်သလင်းလဆန်း (၈) ရက်

၁၉၈၈ ခုနှစ် စက်တင်ဘာလ (၁၈) ရက်

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်။

| | | |
|---|---|---|
| (၁) | ဗိုလ်ချုပ်ကြီးစောမောင် | ဥက္ကဋ္ဌ |
| (၂) | ဒုတိယ ဗိုလ်ချုပ်ကြီး သန်းရွှေ | အဖွဲ့ဝင် |
| (၃) | ဗိုလ်ချုပ် မောင်မောင်ခင် | အဖွဲ့ဝင် |
| (၄) | ဗိုလ်ချုပ်တင်ထွန်း | အဖွဲ့ဝင် |
| (၅) | ဗိုလ်မှူးချုပ် အောင်ရဲကျော် | အဖွဲ့ဝင် |
| (၆) | ဗိုလ်ချုပ်ဘုန်းမြင့် | အဖွဲ့ဝင် |
| (၇) | ဗိုလ်ချုပ်စိန်အောင် | အဖွဲ့ဝင် |
| (၈) | ဗိုလ်ချုပ်ချစ်ဆွေ | အဖွဲ့ဝင် |
| (၉) | ဗိုလ်မှူးချုပ်ကျော်ဘ | အဖွဲ့ဝင် |
| (၁၀) | ဗိုလ်မှူးကြီးမောင်သင့် | အဖွဲ့ဝင် |
| (၁၁) | ဗိုလ်မှူးချုပ်မောင်အေး | အဖွဲ့ဝင် |
| (၁၂) | ဗိုလ်မှူးချုပ်ဉာဏ်လင်း | အဖွဲ့ဝင် |
| (၁၃) | ဗိုလ်မှူးချုပ်မြင့်အောင် | အဖွဲ့ဝင် |
| (၁၄) | ဗိုလ်မှူးချုပ်မြသင်း | အဖွဲ့ဝင် |
| (၁၅) | ဗိုလ်မှူးချုပ်ထွန်းကြည် | အဖွဲ့ဝင် |
| (၁၆) | ဗိုလ်မှူးချုပ်အေးသောင် | အဖွဲ့ဝင် |

(၁၇) ဗိုလ်မှူးချုပ်မျိုးညွန့် — အဖွဲ့ဝင်

(၁၈) ဗိုလ်မှူးချုပ်ခင်ညွန့် — အတွင်းရေးမှူး (၁)

(၁၉) ဗိုလ်မှူးကြီးတင်ဦး — အတွင်းရေးမှူး (၂)

(ပုံ) စောမောင်
ဗိုလ်ချုပ်ကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့။

# တရားဥပဒေစိုးမိုးရေးရပ်ရွာအေးချမ်းရေး

# ရဟန်းရှင်လူပြည်သူလိုက်နာရန်ထုတ်ပြန်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်

## အမိန့် အမှတ် ၂/၈၈

၁၃၅၀ ပြည့်နှစ် တော်သလင်းလဆန်း (၈) ရက်

၁၉၈၈ ခုနှစ် စက်တင်ဘာလ (၁၈) ရက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကာကွယ်ရေးဦးစီးချုပ်ရုံး ကာကွယ်ရေး ဦးစီးချုပ်သည် တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံရေး၊ ချောမွေ့စေရေး၊ ပြည်သူများ၏ စားဝတ်နေရေး ချောင်လည်စေရေး အတွက် ယခု အချိန်အခါမှစ၍ ရဟန်းရှင်လူ ပြည်သူတစ်ရပ်လုံး လိုက်နာရန် အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်-

(က) ည/၂၀၀၀နာရီအချိန်မှ နံနက် ၀၄၀၀နာရီအချိန်အထိ မည်သူမဆို အမိန့်တစ်စုံတစ်ရာ မရှိဘဲ လမ်းများပေါ်သို့ ထွက်ရောက်သွားလာမှု မရှိစေရ။

(ခ) ဆူပူလှုံ့ဆော်လိုသော ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်လိုသော ရည်ရွယ်ချက်ဖြင့်ဖြစ်စေ လူငါးယောက်နှင့်ငါးယောက်အထက် ပို၍ လမ်းများပေါ်ကွင်စုဝေးခြင်း၊ လမ်းလျှောက်ခြင်း၊ စီတန်းလှည့်လည်ခြင်း၊ ဟောပြောခြင်း၊ ဟစ်အော်ကြွေးကြော်ခြင်း၊ လှုံ့ဆော်ခြင်း၊ ရှုန်းရင်းဆန်ခတ်ပြုခြင်း မည်သူမျှမပြုလုပ်ရ။

(ဂ) မည်သည့်နေရာတွင်မျှ သပိတ်စခန်းဖွင့်ခြင်း၊ ဆူပူလှုံ့ဆော်လိုသော ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်လိုသော ရည်ရွယ်ချက်ဖြင့်ဖြစ်စေ လူစုလူဝေးပြုလုပ်ခြင်း၊ စုရုံးခြင်းမည်သူမျှ မပြုလုပ်ရ။

(ဃ) လမ်းများပေါ်တွင်အတားအဆီးများ ပြုလုပ်ပိတ်ဆို့ခြင်း၊ လမ်းများပေါ်တွင် လူစုလူဝေးဖြင့်ပိတ်ဆို့ဆန္ဒပြခြင်း မည်သူမျှ မပြုလုပ်ရ။

(င) လုံခြုံရေးတာဝန်ထမ်းဆောင်နေသူများကို မည်သည့်နည်းဖြင့်မျှ နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်းမည်သူမျှ မပြုလုပ်ရ။

၂။ ဤအမိန့်သည် နောက်ထပ်အမိန့်တစ်စုံတစ်ရာမထုတ်ပြန်မချင်းအတည်ဖြစ်စေရမည်။

(ပုံ) စောမောင်
ဗိုလ်ချုပ်ကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# 第１５課

# アウン・サン・スー・チー女史の演説から

1989年２月16日　カヤー州モウビェー市にて

**ပြည်ထောင်စုစိတ်ဓာတ်ပြန်ရှင်သန်ပါမှ**

ကျွန်မတို့အခုမိုးဗြဲကို ရောက်လာတာဟာ ရှမ်းပြည်တောင်ပိုင်း စည်းရုံးရေးခရီးက နေပြီးတော့ ကယားပြည်ကို ရောက်လာတာဖြစ်ပါတယ်။ ပထမဆုံး ကျွန်မ ရှမ်းပြည်တောင်ပိုင်း စည်းရုံးရေးခရီး ထွက်ရတဲ့ရည်ရွယ်ချက်ကတော့ ပြည်ထောင်စုနေ့မှာ ပင်လုံကို ရောက်ဖို့ဖြစ်ပါတယ်။ ၄၂ နှစ်မြောက်ပြည်ထောင်စုနေ့မှာ ပင်လုံကျောက်တိုင်ကိုသွားပြီး တော့ ကျွန်မတို့ပြည်ထောင်စုကို တည်ထောင်ခဲ့တုန်းက စိတ်ဓာတ်တွေကိုပြန်လည်ရှင်သန်ရေးအတွက် အဓိဋ္ဌာန်ပြုခဲ့ပါတယ်။ ဒီလိုပြည်ထောင်စုစိတ်ဓာတ်တွေကို၊ ပြန်လည်ရှင်သန်ဖို့ ကျွန်မတို့လုပ်နိုင်မှ နောင်ဒီမိုကရေစီနိုင်ငံသစ်ကြီးကို တည်ထောင်နိုင်မယ်လို့ ကျွန်မတို့ယုံကြည်ပါတယ်။ ဒီပြည်ထောင်စုစိတ်ဓာတ်တွေကိုပြန်ရှင်သန်အောင်လို့မလုပ်နိုင်လို့ရှိရင်ကျွန်မတို့လိုချင်တဲ့ ဒီမိုကရေစီကိုလည်း တည်ထောင်နိုင်မှာ မဟုတ်ပါဘူး။

**ဗမာတွေယုံရမှာလား**

ကျွန်မတို့လွတ်လပ်ရေး ရတုန်းကလည်း ပြည်ထောင်စု၊ တိုင်းရင်းသားအားလုံးက နေပြီး တော့တညီတညွတ်တည်း ဝိုင်းဝန်းလုပ်လို့သာလွတ်လပ်ရေး ရခဲ့တာဖြစ်ပါတယ်။ ဒီတော့လွတ်လပ်ရေးရ

ပြီးတဲ့အခါကျတော့ ကျွန်မတို့အချင်းချင်းမှာလည်း ညီညွတ်သင့်သလောက် မညီညွတ်လို့ ဒီမိုကရေစီအခွင့်အရေး တွေဆုံးရှုံးခဲ့ရတယ်။ အခုတစ်ခါ ပြန်ပြီး တော့ ဒီမိုကရေစီနိုင်ငံ ထူထောင်ချင်ပါတယ်ဆိုပြီး တော့၊ ပြည်သူလူထုတစ်ရပ်လုံး ကနေပြီး တော့ လှုပ်ရှားမှုထဲမှာ ပါဝင်ခဲ့ပါတယ်။ ဒီလှုပ်ရှားမှုဆက်ပြီး တော့ အောင်မြင်ဖို့ဆိုလို့ရှိရင်ကျွန်မတို့ရဲ့ပြည်ထောင်စု တိုင်းရင်းသား အချင်းချင်း ရဲ့ကြားထဲမှာ၊ ညီညွတ်မှုရှိရမယ်။ တစ်ယောက်ပေါ်မှာ တစ်ယောက်ယုံကြည်မှုရှိရမယ် အခုဆိုလို့ရှိရင်ကျွန်မကြား နေရတာက တော့ တိုင်းရင်းသား တစ်ချို့ မေးကြတယ်။ အရင်တုန်း ကလည်း ဗမာတွေကိုယုံခဲ့လို့လွတ်လပ်ရေး ရအောင်လုပ်ခဲ့တယ်။ နောက်ပြီး တော့ ဗမာတွေဟာကတိမတည်ခဲ့ဘူး။ ခုတော့ ယုံရမှာလား လို့ မေးကြပါတယ်လို့ကျွန်မကြား ပါတယ်။

တိုင်းရင်းသားအချင်းချင်းသစ္စာရှိမှုပေါ်တည်

ကျွန်မအနေနဲ့ ပြောချင်တာက တော့ ကျွန်မတို့ပြည်ထောင်စုတစ်ခု ထူထောင်ဖို့ဆိုတာ ဗမာတွေရဲ့ကတိပေါ်မှာ မတည်ပါဘူး။ ပြည်ထောင်စုတိုင်းရင်းသားအားလုံး တစ်ယောက်ပေါ် တစ်ယောက်သစ္စာရှိမှုပေါ်မှာ တည်ပါတယ်။ ဗမာတိုင်း ကိုယုံကြည်ရမယ် လို့လည်း ကျွန်မ မပြောပါဘူး။ ဒါပေမယ့်လည်း ဗမာတိုင်း ကို၊ ယုံကြည်လို့မဖြစ်ဘူး လို့လည်း မဆိုနိုင်ပါဘူး။ ကျွန်မတို့ဟာ တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်မှုရှိနိုင်မှ ရှေ့ကိုဆက်တက်နိုင်မှာပါ။ တစ်ယောက်နဲ့တစ်ယောက်မယုံကြည်ဘူး။ တစ်ယောက်နဲ့တစ်ယောက်၊ တချိန်လုံး ဝဲကြည့်နေတယ်၊ ညီညင်နေတယ်၊ မသကာဖြစ်နေတယ် ဆိုလို့ရှိရင် ဒီမိုကရေစီလှုပ်ရှားမှုကြီး အောင်မြင်ဖို့ဟာအများကြီး ခက်ခဲပါလိမ့်မယ်။ ဒီလိုခက်ခဲတဲ့လုပ်ငန်း တစ်ခုလုပ်တဲ့နေရာမှာ၊ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်နိုင်ရမယ်။ ပူးပေါင်း နိုင်ရမယ်။ တစ်ယောက်ကိုတစ်ယောက်သစ္စာရှိနိုင်ရမယ်။

သစ္စာရှိဖို့ဆိုတာ အများကြီး လိုပါတယ်။ အဓိကအားဖြင့် ကျွန်မတို့ တိုင်းရင်းသားလူမျိုးစုအားလုံးဟာ ပြည်ထောင်စု၊ စိတ်ဓါတ်တွေပေါ်မှာ သစ္စာရှိဖို့လိုပါတယ်။

ကိုယ့်တာဝန်ကိုယ် ကျေပွန်ရဲ့လား

လူတိုင်းလူကိုင်းဟာ တည်တံ့ခိုင်မြဲပြီးတော့ သာယာဝပြောတဲ့ပြည်ထောင်စု တစ်ခုကိုတည်ထောင်ချင်တယ် ဆိုလို့ရှိရင် ကိုယ့်မှာ ဘာတာဝန်တွေရှိလဲ ဆိုတာ ပထမစဉ်းစားဖို့လိုပါတယ်။ သူတစ်ပါး တာဝန်ကျေပွန်တယ် မကျေပွန်တယ်ဆိုတာ မစဉ်းစားပဲနဲ့ ကိုယ့်တာဝန် ကိုယ်ကျေပွန်ရဲ့လား ဆိုတာကျွန်မတို့ ပထမဆုံးဖြတ်ရပါလိမ့်မယ်။ သူများတွေက ကတိတည်ရဲ့လား၊ သူများတွေကသစ္စာရှိရဲ့လား ဆိုတာမမေးခင် ကိုယ်ဟာကတိတည်ရဲ့လား၊ ကိုယ်ဟာသစ္စာရှိရဲ့လား ဆိုတာစဉ်းစားဖို့လိုပါတယ်။

ပင်လုံညီလာခံ မျိုးထပ် ခေါ်ရမယ်

ကျွန်မတို့အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေနဲ့ တိုင်းရင်းသားလူမျိုးစုတွေကိုမတည်နိုင်တဲ့ ကတိတွေကိုလည်း မပေးချင်ပါဘူး။ ကျွန်မတို့ရဲ့ မူဝါဒဟာ ဒီမိုကရေစီပြည်ထောင်စုသစ်ကို၊ တည်ထောင်ဖို့ဆိုလို့ရှိရင် ဒီမိုကရေစီစနစ် အောင်မြင်တဲ့အခါမှာ ပင်လုံကဲ့သို့သောတိုင်းရင်းသားညီလာခံကြီး တစ်ခုထပ်ပြီးတော့၊ ခေါ်ရမယ်လို့ ယုံကြည်ပါတယ်။ ဒီလိုညီလာခံကြီး ခေါ်ပြီးတော့မှ၊ တိုင်းရင်းသား လူမျိုးစုအများစုကြီး ရဲ့သဘောတူညီချက်အရ ပြည်ထောင်စုအသစ် တည်ထောင်ဖို့ ကိုယ်တိုင်ပြဋ္ဌာန်းချက်များတန်းတူညီတူ အခွင့်အရေးများ သတ်မှတ်ရမယ်လို့ကျွန်မတို့ယုံကြည်ပါကယ်။

ပြည်ထောင်စုကိုကိုယ်စားပြုတဲ့အဖွဲ့ချုပ် ဖြစ်စေချင်

အကယ်၍အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဟာ ဒီမိုကရေစီအစိုးရတစ်ခု တည်ထောင်နိုင်မယ်ဆိုလို့ရှိရင် ပင်လုံကဲ့သို့သောညီလာခံကြီး ခေါ်မယ်ဆိုတာတော့ ကျွန်မတို့ ကတိပြုနိုင်ပါတယ်။ ဒီညီလာခံက နေတဆင့် ဘယ်လိုပုံစံမျိုးနဲ့ပြည်ထောင်စုတစ်ခုထွက်လာမယ် ဆိုတာဟာ ပါဝင်ပြီးတော့ ညှိနှိုင်းတိုင်ပင်မယ့်တိုင်းရင်းသားလူမျိုး

စုအားလုံး ပေါ်မှာ တည်ပါတယ်။ ကျွန်မတို့အဖွဲ့ချုပ် တစ်ခုတည်းပေါ်မှာ တည်တာ မဟုတ်ပါဘူး။ ကျွန်မတို့အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပြည်ထောင်စုတစ်ခုလုံး ကိုကိုယ်စားပြုတဲ့အဖွဲ့ချုပ်ဖြစ် စေချင်ပါတယ်။

## နိုင်ငံရေးထဲမှာ စိတ်ဝင်စားဖို့လို

မြန်မာနိုင်ငံမှာ ဒီမိုကရေစီရဖို့ဆိုတာ ပြည်မမှာပဲ ဒီမိုကရေစီရလို့မဖြစ်ဘူး၊ ပြည်နယ်တစ်ခုမှာပဲ ဒီမိုကရေစီရရုံနဲ့၊ မဖြစ်ဘူး။ မြန်မာနိုင်ငံတစ်ဝှမ်းလုံး မှာ ဒီမိုကရေစီရနိုင်မှ ကျွန်မတို့ဟာ ဒီမိုကရေစီနိုင်ငံတစ်ခု ထူထောင်နိုင်မှာပါ။ ဒီတော့အားလုံး ဟာ ဒီမိုကရေစီ အောင်မြင်ရေး အတွက် ပါဝင်ဆောင်ရွက်ဖို့လိုပါတယ်။ အခုအရေး အခင်းဟာ အမျိုးသား အရေး အခင်းကြီး ဖြစ်နေပါတယ်။ အမျိုးသား အရေး အခင်းကြီး တစ်ခု အောင်မြင်ဖို့ဆိုရင်မှာ ပြည်သူလူထုဟာ နိုင်ငံရေး ထဲမှာ စိတ်ဝင်စားဖို့လိုပါတယ်။ နိုင်ငံရေးဟာ လူတိုင်း၊ လူတိုင်း နဲ့သက်ဆိုင်တယ်ဆိုတဲ့အသိ ရှိဖို့လိုပါတယ်။ နိုင်ငံရေးဟာ နိုင်ငံရေး သမားတွေရဲ့ကိစ္စပဲဆိုတဲ့စိတ်ထားမျိုး ထားလိုက်လို့ရှိရင်ကျွန်မတို့ရဲ့ပြည်သူလူထုဟာ ထိုးတက်ပြီး တည်တံ့ခိုင်မြဲတဲ့ပြည်ထောင်စုကိုထူထောင်နိုင်မှာ မဟုတ်ပါဘူး။ အထူးသဖြင့်ဒီမိုကရေစီစနစ်ကို အောင်မြင်အောင်လို့ ဆောက်တည်နိုင်မှာ မဟုတ်ပါဘူး။

## ဒီမိုကရေစီလိုလားနေတဲ့အကြောင်းရင်း

ဒီမိုကရေစီဆိုတာပြည်သူလူထု အုပ်ချုပ်မှုဆိုတဲ့ အဓိပ္ပါယ် ရောက်ပါတယ်။ အခုအားလုံး ကဒီမိုကရေစီကို လိုလားနေကြရတဲ့ အကြောင်းရင်း ကတော့ဒီမိုကရေစီစနစ် အောက်မှာဆိုရင် ပြည်သူလူထုဟာလူ့အခွင့်အရေး များကို ပြည့်ပြည့်စုံစုံခံစားနိုင်မယ်။ တစ်ချိန်လုံး စိုးရိမ်ကြောင့်ကြပြီး တော့ဘာမှကိုယ့်ဘက်ကအမှား။ မလုပ်ပဲနဲ့ ကြောက်နေရမယ့်ဘဝက လွတ်ကင်းနိုင်မယ်ဆိုတာယုံကြည်လို့ ဖြစ်ပါတယ်။ ဒီလိုအားလုံး ဟာလူ့အခွင့်အရေး များကိုပြည့်ပြည့်စုံစုံ၊ ခံစားနိုင်ချင်ရင်အားလုံး ကဝိုင်း ပြီး တော့ကြိုး စားရပါမယ်။

ပြည်သူလူထုကြီး စားရမယ်၊ အားပေးရမယ်

အခွင့်အရေး တွေ့တော့လို့ချင်တယ်။ ကြိုး တော့မကြိုးစား ချင်ဘူး ဆိုရင် မဖြစ်ပါဘူး၊ ကျွန်မတို့စည်းရုံးရေး လုပ်တဲ့အခါ မှာ ပြည်သူလူထုအများကြီးက ပြောကြပါတယ်။ ရွေးကောက်ပွဲများသာဖြစ်ပါစေ၊ ဖြစ်လို့ရှိရင် ဒီမိုကရေစီဘက်က မဲထည့်ပါ့မယ်။ ခုတော့မပါပါရစေနဲ့ဦး လို့ဆိုကြပါတယ်။ ကျွန်မ ရှင်းပြချင်တာက တော့ ရွေးကောက်ပွဲဖြစ်ဖို့ကိုပြည်သူလူထုကကြိုးစားရဦးမယ်။ ရွေးကောက်ပွဲဖြစ်မှ မဲထည့်ပေးမယ်လို့ ပြောရုံနဲ့မရပါဘူး။ ကျွန်မတို့အားလုံးဟာ လွတ်လပ်ပြီး၊ တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်စေချင်တယ်ဆိုရင် ဒီလိုရွေးကောက်ပွဲများ ဖြစ်ရေးအထောက်ဝိုင်းပြီး တော့ကူညီရပါလိမ့်မယ်။ ဘယ်လိုကူညီရမလဲဆိုလို့ရှိရင် ကိုယ့်နည်း ကိုယ့်ဟန်နဲ့ဒီမိုကရေစီ လှုပ်ရှားမှုကိုအားပေးရမယ်။ အားပေးတဲ့နည်း တစ်ခုက တော့ကိုယ် ထောက်ခံတဲ့ဒီမိုကရေစီအတွက်လှုပ်ရှားနေတဲ့အဖွဲ့အစည်း တစ်ခုထဲ ကိုဝင်ပြီး တော့လှုပ်ရှားမှုထဲမှာပါဝင်ကြပါ။

နှစ်သက်ရာအဖွဲ့ထဲဝင်ပြီးလှုပ်ရှားကြပါ

ဒီလိုကျွန်မပြောခြင်းအားဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထဲမှာ ဝင်ပါလို့ ပြောတာမဟုတ်ပါဘူး။ ဒီမိုကရေစီ အတွက်ကြိုးပမ်းနေတဲ့အဖွဲ့ပေါင်း မြောက်မြားစွာရှိပါတယ်။ အခု ဒီနေရာမှာဆိုရင် ကယားအဖွဲ့လည်း ရှိတယ်။ ကယန်းအဖွဲ့လည်း ရှိတယ်။ ရှမ်းအဖွဲ့လည်း ရှိတယ်။ မနီးမဝေးမှာဆိုရင် ပအိုဝ်အဖွဲ့၊ ပလောင်အဖွဲ့ စသည်ဖြင့်ရှိပါတယ်။ ဒီလိုအဖွဲ့များအားလုံးဟာ ဒီမိုကရေစီအတွက်ကြိုးပမ်းနေကြတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လူတိုင်းလူတိုင်းဟာ ဒီမိုကရေစီလှုပ်ရှားမှုကို ထောက်ခံတယ်ဆိုတဲ့ အနေနဲ့ ကိုယ်နှစ်သက်ရာအဖွဲ့ထဲကိုဝင်ပြီး တော့ လှုပ်ရှားကြပါလို့ကျွန်မ မေတ္တာရပ်ခံချင်ပါတယ်။ ဒီလိုဝင်ခြင်းအားဖြင့် ကျွန်မတို့ပြည်သူလူထုအများစုကြီးဟာ ဒီမိုကရေစီကို လိုလည်းလိုလားတယ်။ ဒီမိုကရေစီအတွက်လုပ်ရဲကိုင်ရဲတဲ့သတ္တိလည်း ရှိတယ်ဆိုတာပြလိုက်နိုင်မှာဖြစ်ပါတယ်။



အချုပ်အနှောင်အပေါင်းမှ
ကင်းလွတ်ပြီး
ကျယ်ဝန်းတဲ့ ဒီမိုကရေစီပန်းတိုင်
အမြန်ရောက်ရေး အတွက်
အစွမ်းကုန်
ကြိုးပမ်းနိုင်ပါစေသား

' ကျွန်မတို့ဟာ လိမ္မာတယ် ဆိုတဲ့ စကားကို
ကျင့်သုံးပုံ မှားနေတယ်လို့ ထင်ပါတယ်။
လူအများက လူတယောက်ကို လိမ္မာတယ်လို့ ပြောတဲ့အခါ
အဲဒီလူဟာ သူ့ကိုယ်သူ ဒုက္ခမရောက်အောင်လို့
နေနိုင်တယ် ဆိုတဲ့
ရည်ရွယ်ချက်နဲ့ ပြောတာ ဖြစ်ပါတယ်၊
အဲဒီလို ရည်ရွယ်ချက်နဲ့ အထင်ရှိနေတယ် ဆိုရင်
ကျွန်မတို့ တိုင်းပြည်ဟာ တိုးတက်နိုင်မှာ မဟုတ်ပါဘူး။
တကယ် လိမ္မာတဲ့သူ တကယ် မြင့်မြတ်တဲ့သူ တကယ် တော်တဲ့သူ ဆိုတာဟာ
အများအကျိုးအတွက် ဒုက္ခခံရဲတဲ့ လူ၊
ဒုက္ခကို ရင်ဆိုင်ရဲတဲ့ လူပဲ ဖြစ်ပါတယ် '

( အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်၏
ရှမ်းပြည်နယ် နှင့် ကယားပြည်နယ်
စည်းရုံးရေး ခရီးစဉ် မှတ်တမ်း (၁၉၈၉) ၄၂ )